# မက္ကဆီကို နိုင်ငံ တွင် A/H1N1 တုပ်ကွေး ဗိုင်းရပ် ကူးစက် မှုပေါင်း ခုနစ်သောင်းကျော် အတည် ပြုနိုင်ခဲ့

မက္ကဆီကို ကျန်းမာရေး ဝန်ကြီး ဌာနက 2010 မတ်လ ဆယ်ရက် နေ့က အတည်ပြု ထုတ်ပြန်သော သတင်း အရ မက္ကဆီကို နိုင်ငံတွင် A/H1N1 တုပ်ကွေး ဗိုင်းရပ်ကြောင့် သေဆုံးသူ ဦးရေ တစ်ထောင့် တစ်ရာ့ ရှစ်ဦး ရှိနေပြီ ဖြစ်ကာ ကူးစက် မှုပေါင်း ခုနစ်သောင်း တစ်ထောင် သုံးရာ ကိုးဆယ့် သုံးဦးကို စစ်ဆေး အတည် ပြုနိုင်ခဲ့ပြီး ဖြစ်ကြောင်း ပြောကြားသည်။ ယခု နောက်ဆုံး နှစ်ရက်တာ ကာလ အတွင်း သေဆုံးသူ ငါးဦး နှင့် ဗိုင်းရပ်စ် ကူးစက် ခံရသူ ရှစ်ဆယ့်ခြောက်ဦး အထိ ရှိနေခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်သည်။ ကူးစက်မှုများမှာ မြို့တော် Mexico City ၊ San Luis Potosi နှင့် Nuevo Leon မြို့များတွင် အများဆုံးဖြစ်ကြောင်း သိရသည်။

အရေးပေါ်အခြေအနေရှိသူ တစ်ထောင့်တစ်ရာ့ရှစ်ဦးအနက် ၆၇.၄%တွင် ရောဂါဗေဒနှင့်ဆိုင်သော လက္ခဏာရပ်များရှိသည်။ ၆၉.၅%မှာ အသက်နှစ်ဆယ်မှ ငါးဆယ့်လေးနှစ်အတွင်း ရှိသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားသည်။

ကမ္ဘာတစ်ပှမ်းတွင် A/H1N1 တုပ်ကွေးဗိုင်းရပ်ကြောင့် သေဆုံးသူစုစုပေါင်း တစ်သောင်းခြောက်ထောင် လေးရာငါးဆယ့်ငါးဦးရှိသွားပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပြောကြားသည်။ အဆိုပါရောဂါမှာ ၂၀၀၉ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။